## ကုလအထူးကိုယ်စားလှယ် မစ္စတာ ဂမ်ဘာရီရဲ့ အာစီယံဒေသတွင်း ခရီးစဉ်များနဲ့ သုံးသပ်ချက်
## ၃၀ နိုဝင်ဘာ ၂၀၀၇

မြန်မာပြည်ဒီမိုကရေစီပေါ်ထွန်းရေးကြိုးပမ်းနေကြတဲ့ မြန်မာစစ်အစိုးရ၊ ကုလသမဂ္ဂနဲ့ ဒေါ်အောင်ဆန်းစုကြည်ခေါင်းဆောင်တဲ့ဒီမိုကရေစီ အင်အားစုတွေရဲ့ လုပ်ငန်းစဉ်တွေဟာ တဆင့်ပြီးတဆင့် ရှေ့ကိုတိုးတက် ဖြစ်ထွန်းအောင် လုပ်ဆောင်သင့်တယ်လို့ ကမ္ဘောဒီးယားအစိုးရ ဘက်ကတိုက်တွန်းလိုက်ပါတယ်။ မနေ့က ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်းနဲ့ ကုလသမဂ္ဂအထူးကိုယ်စားလှယ် မစ္စတာဂမ်ဘာရီတို့တွေ့ဆုံခဲ့တုန်းက ပြောဆိုခဲ့တာပါ။

"မြန်မာစစ်အစိုးရဘက်ကရော ဆန္ဒပြသူတွေဘက်ကရော ပြဿနာတွေကို ထပ်ပြီး မဖန်တီးသင့်တော့ပါဘူး။ တိုင်းပြည်ငြိမ်ငြိမ်သက်သက်ဖြစ်နေတာက တနိုင်ငံလုံးအတွက် အကျိုးရှိပါတယ်။ မြန်မာပြည်ကို စီးပွါးရေးပိတ်ဆို့ ဒဏ်ခတ်ပိတ်ဆို့တဲ့အကြောင်း ကျွန်တော်တို့မပြောသင့်ပါဘူး။ မြန်မာပြည်ဒီမိုကရေစီပေါ်ပေါက်ရေး ကိစ္စတွေရှေ့ဆက် သွားဖို့ကျွန်တော်တို့ပြောသင့်တာပါ။ မြန်မာစစ်အစိုးရကို တိုက်တွန်းပြောဆိုတာတွေလုပ်မယ်၊ လူသားခြင်းစာနာတဲ့ အကူအညီကိစ္စတွေကို ကြည့်သင့်ပါတယ်" လို့ ကမ္ဘောဒီးယားနိုင်ငံခြားရေးဝန်ကြီး ဟော်နမ်ဟောင်းကပြောပါတယ်။

မစ္စတာဂမ်ဘာရီရဲ့ ကမ္ဘောဒီးယားခရီးစဉ်အဆင်ပြေတဲ့အကြောင်းကိုတော့ ကုလသမဂ္ဂ အတွင်းရေးမှုးချုပ်ရုံးရဲ့ ပြောခွင့် ရပုဂ္ဂိုလ်တဦးဖြစ်တဲ့ မစ်ရှဲ မွန်းတပ်စ်ကရှင်းပြပါတယ်။

"ကမ္ဘောဒီးယားဝန်ကြီးချုပ်ဟွန်ဆန်ဆီကိုကုလသမဂ္ဂအတွင်း ရေးမှုးချုပ်မစ္စတာ ဘန်ကီမွန်း ရေးပို့လိုက်တဲ့စာကို မစ္စတာဂမ်ဘာရီမနေ့က ကမ္ဘောဒီးယားမှာပေးခဲ့ပါတယ်။ အဲဒီအထဲမှာ မြန်မာ့အရေး ကုလသမဂ္ဂဘက်က ကြိုးစား နေတာတွေကို ကမ္ဘောဒီးယားအစိုးရကအားပေးထောက်ခံဖို့အကြောင်း ရေးသား တိုက်တွန်းထားတာပါ။ ကမ္ဘောဒီး ယားအစိုးရပိုင်းနဲ့မြန်မာ့အရေးဆွေးနွေးမှုဟာ တော်တော်လေး ကောင်းကောင်းမွန်မွန်ရှိပါတယ်။ အပြုသဘောဆောင်တဲ့စကားတွေကိုဆွေးနွေးဖြစ်ပါတယ်"

ကမ္ဘောဒီးယားနိုင်ငံမှာ နေ့စဉ်ထုတ်ဝေတဲ့ ရပ်စ်မေ ကမ်ပူးချား သတင်းစာရဲ့အယ်ဒီတာချုပ် ပင်ဆင်မသီကတော့ မြန်မာစစ်အစိုးရအနေနဲ့ ကမ္ဘောဒီးယားလိုမျိုးတခါးဖွင့်ပြီးကမ္ဘာနဲ့ဆက်ဆံသင့်တယ်လို့မှတ်ချက်ပေးပါတယ်။

"နိုင်ငံတ ခုဖွံ့ဖြိုးတိုးတက်ရေးမှာ တံခါးပိတ်ထားလို့ကတော့ တိုးတက်မှာ မဟုတ်ပါဘူး။ မြန်မာစစ်ခေါင်းဆောင်တွေက တိုင်းပြည်ကိုတံခါးဖွင့်ပေးသင့်ပါတယ်။ ဒီကနေ့ကမ္ဘာမှာက တံခါးပိတ်ထားတဲ့ နိုင်ငံတွေက မရှိတော့သလောက်ပါပဲ။ စစ်ဘေးစစ်ဒဏ်တွေနဲ့ ခါးသီးတဲ့အတွေ့အကြုံတွေရှိခဲ့တဲ့ ကမ္ဘောဒီးယားလို နိုင်ငံမျိုးတောင်မှ ဖွံ့ဖြိုးတိုးတက်အောင် လို့တံခါးဖွင့်ထားနိုင်ခဲ့တော့ နိုင်ငံအကျိုးစီးပွါးအတွက် လုပ်နေကြပါတယ်ဆိုတဲ့မြန်မာခေါင်းဆောင်တွေအနေနဲ့ ကမ္ဘော ဒီးယားကိုအတုယူသင့်ပါတယ်"။

စက်တင်ဘာလ သံဃာထုဦးဆောင်တဲ့ငြိမ်းချမ်းတဲ့ပြည်သူ့လှုပ်ရှားမှုတွေကို စစ်အစိုးရက အကြမ်းဖက်ခဲ့ပြီးနောက်ပိုင်း မစ္စတာ ဂမ်ဘာရီ မြန်မာပြည်ကိုနှစ်ကြိမ်တိတိရောက်ခဲ့ပြီးပါပြီ။ အဖမ်းခံထားရတဲ့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နဲ့မြန်မာစစ်အစိုးရဘက်က ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်နဲ့လည်း အခုဆိုအနည်းဆုံး သုံးကြိမ်တွေ့ဆုံခဲ့ကြပါပြီ။ ဘယ်လိုတိုးတက်မှုတွေရှိသလဲဆိုတာကိုတော့ ထုတ်မပြောကြလို့ ဘာမှမသိရသေးပါဘူး။ မစ္စတာဂမ်ဘာရီကလည်း မြန်မာပြည်အပြောင်းအလဲအတွက် နိုင်ငံတကာအစိုးရတွေက ဝိုင်းပြီးထောက်ခံကြဖို့ တောက်လျှောက်ဆိုသလို တနိုင်ငံပြီးတနိုင်ငံသွားလို့ဆွေးနွေးနေတာပါ။ မကြာခင်ကပဲ အာစီယံထိပ်သီးညီလာခံမှာ အာစီယံခေါင်းဆောင်တော်တော်များများနဲ့လည်းပြောဆိုခဲ့ပြီးပါပြီ။ အခုဒီဇင်ဘာလထဲမှာလည်း

မြန်မာပြည်ကို ထပ်သွားဖို့စီစဉ်ထားတယ်လို့ဆိုပါတယ်။ ဒီအတောအတွင်း မစ္စတာဂမ်ဘာရီရဲ့ မြန်မာ့အရေး ကြိုးပမ်းမှုတွေနဲ့ပါတ်သက်ပြီး မြန်မာစစ်အစိုးရကိုမကောင်းတဲ့အမြင်နဲ့ပြောဆိုမှုတွေမစ္စတာဂမ်ဘာရီရဲ့ သတင်းစာရှင်းလင်းပွဲမှာ ရှိခဲ့တယ်လို့ မြန်မာစစ်အစိုးရရဲ့ ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး အပြစ်တင်ဝေဖန်ထားပါတယ်။ ဒီတော့ အခုလိုမျိုး မြန်မာ့အရေးကို နိုင်ငံတကာလှည့်ပြီးကြိုးပမ်းနေတဲ့ မစ္စတာဂမ်ဘာရီရဲ့ အားထုတ်မှုတွေဟာ ဘယ်လောက်အထိ ထိရောက် နိုင်မယ်လို့ထင်သလဲလို့ မြန်မာ့အရေးသုံးသတ်သူ ကိုစောကပီကိုမေးကြည့်ပါတယ်။

> "မစ္စတာဂမ်ဘာရီအနေနဲ့မြန်မာ့အရေးနဲ့ပါတ်သက်ပြီး အာစီယံနိုင်ငံတွေမှာရော၊ မြန်မာနိုင်ငံကိုပါသွားပြီး အပြောင်းအလဲတခုအတွက်၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် ကြိုးစားအားထုတ်တာကိုတော့ ကျွန်တော်တို့ဘက်က ကြိုဆိုတာကတော့ အမှန်ပဲ။ ကျွန်တော်တို့က အပြုသဘောနဲ့ အကောင်းဘက်က မြင်ပါတယ်။ သို့သော်လဲပဲ ဒီနေ့ထက်ထိ မြန်မာပြည်ကိုသွားတာလည်းနှစ်ခေါက်ရှိပြီ။ စင်္ကာပူက အာစီယံ ထိပ်သီးညီလာခံကိုလည်းသွားခဲ့တယ်။ ဒီရလာဒ်တွေကိုကြည့်မယ်၊ ပြည်တွင်းထဲမှာ ဒီကနေ့ဖြစ်ပေါ်နေတဲ့ အခြေအနေတွေကိုကြည့်မယ်ဆိုရင်၊ ဆက်လက်ဖမ်းဆီးနေတဲ့ကိစ္စတွေ၊ နယ်စပ်ဒေသမှာ ဆက်လက်တိုက်ပွဲဖြစ်နေတဲ့ ကိစ္စတွေ၊ ရလာဒ်တွေအားလုံးကိုကြည့်မယ်ဆိုရင် ဖြစ်ပေါ်တိုးတက်မှုဟာလုံးဝအားရစရာမရှိသလိုဖြစ်နေတယ်။ မစ္စတာဂမ်ဘာရီအနေနဲ့ သူပြောတဲ့ဟာကို စစ်အစိုးရကနားထောင်ဖို့၊ စစ်အစိုးရကလုပ်ဖို့ဆိုတဲ့အစား အခုဟာက စစ်အစိုးရရဲ့ ပြောတာကို မစ္စတာဂမ်ဘာရီကနားထောင်နေရသလိုမျိုး၊ အလျှော့ပေးနေရသလိုမျိုးဖြစ်တယ်လေ။ အာစီယံထိပ်သီးညီလာခံကို သွားခဲ့တုန်းကလည်းပဲ သူက **Briefing** ပေးမယ်လို့ပြောပြီးခါမှ၊ အကုန်လုံးသဘောတူပြီးခါမှ စစ်အစိုးရရဲ့ နိုင်ငံခြားရေးဝန်ကြီးက သဘောမတူလို့၊ မကြိုက်လို့ဆိုပြီးတော့ အာစီယံကနေပြီးတော့ ဒါကိုဖျက် သိမ်းခဲ့တယ်။ အဲဒါကိုကြည့်မယ်ဆိုရင် ကျွန်တော်တို့နိုင်ငံတကာအသိုင်းအဝိုင်းကရော၊ အာစီယံအနေနဲ့ရော စစ်အစိုးရကိုဆွဲဆောင်ရမယ့်အစားဦးဆောင်ရမယ့်အစား၊ ကျွန်တော်တို့က စစ်အစိုးရရဲ့အလိုကျ၊ စစ်အစိုးရရဲ့ ပြောတာကို နားထောင်ရသလိုဖြစ်နေတယ်။ အဲဒါကိုကြည့်ခြင်းအားဖြင့် မစ္စတာဂမ်ဘာရီရဲ့ လုပ်ရပ်ကထွက်လာတဲ့ ရလာဒ်တွေကတော့အားရစရာမရှိဘူးပေါ့"။

မစ္စတာဂမ်ဘာရီရဲ့ ကမ္ဘောဒီးယားခရီးစဉ်ကဒီကနေ့ဆိုရင်ပြီးပါပြီ။ လာအိုနိုင်ငံကိုခရီးဆက်ထွက်ဖို့ရှိပါတယ်။ တိုက်တိုက် ဆိုင်ဆိုင်ပဲ မြန်မာစစ်အစိုးရရဲ့ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်ကလည်း ဒီကနေ့ပဲ ကမ္ဘောဒီးယားနိုင်ငံကို ချစ်ကြည်ရေးခရီး အလည်အပါတ်ရောက်လာဖို့ရှိပါတယ်။ မစ္စတာဂမ်ဘာရီနဲ့တွေ့ဆုံဖို့ရှိမရှိတော့ မသိရပါဘူး။ ကမ္ဘောဒီးယားမတိုင်ခင်က ဗီယက်နမ်နိုင်ငံကိုလည်း မစ္စတာဂမ်ဘာရီဝင်ပြီးမြန်မာ့အရေးပြောဆိုခဲ့ပါသေးတယ်။ ကုလသမဂ္ဂရဲ့ မြန်မာ့အရေးကြားဝင်ကြိုးစားပေးနေမှုတွေဟာ ဘယ်လောက်အထိ ထိရောက်မှုတွေရှိနိုင်မလဲ။ ဒီထက်ပိုပြီးထိ ရောက်အောင်ကုလသမဂ္ဂဘက်ကလုပ်နိုင်စွမ်းရှိ၊ မရှိ။ ဒါဟာအစွမ်းကုန်ပဲဆိုရင်လည်း မြန်မာ့ဒီမိုကရေစီရေး အလားအလာဟာဘယ်လိုဖြစ်မလဲဆိုတာတွေကိုတော့ မြန်မာ့အရေးကိုစိတ်ဝင်စားသူတိုင်းကစောင့်ကြည့်နေကြတာပါခင်ဗျား။